## ရည်ရွယ်ချက်

အခွန်ထမ်းများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်မှုများ သို့မဟုတ် ဆုံးဖြတ်ချက်များအား ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်းနှင့် အယူခံခြင်းများအား အဆင့်ဆင့် ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရန်နှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ တန်းတူညီမျှ ရရှိစေရန် ရည်ရွယ်ပါသည်။

## စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်း

အခွန်ထမ်းများအနေဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သည့် မည်သည့်အမိန့်ကိုမဆို ကျေနပ်မှုမရှိပါက ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေတို့အရ ယခင်က တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးထံ ပထမအဆင့်အယူခံ လျှောက်ထားရပါသည်။ ယခုအခါ ပထမအဆင့်အယူခံ လျှောက်ထားခြင်းအစား အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၃၄ အရ ညွှန်ကြားရေးမှူးချုပ်ထံ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရမည် ဖြစ်ပါသည်။

## ကာလစည်းကမ်းသတ်

အခွန်ထမ်းသည် မိမိမကျေနပ်သည့် စည်းကြပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အသေးစိတ်အကြောင်းပြချက်များဖော်ပြလျက် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရမည်။ ကာလစည်းကမ်းသတ် ရက်ပေါင်း (၃၀)အား ရေတွက်ရာတွင် အကြောင်းကြားစာလက်ခံရရှိသည့်နေ့ကို ထည့်သွင်းရေတွက်ခြင်းမပြုသည့်အပြင် တာဝန်ခံမိတ္တူရယူရာတွင် ကြာမြင့်သည့်ကာလနှင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ) အရ အငြင်းပွားမှုရှိသော အခွန်ပမာဏအတွက် အာမခံတင်သွင်းရာတွင် ကြာမြင့်သည့် ကာလအားလည်း ထုတ်ပယ်၍ တွက်ချက်ပေးမည်ဖြစ်ပါသည်။

## တာဝန်ခံမိတ္တူလျှောက်ထားခြင်း

တာဝန်ခံမိတ္တူဆိုသည်မှာ ရုံးခွန်အက်ဥပဒေနှင့်အညီ ထိုက်သင့်ရာ တံဆိပ်ခေါင်းကပ်နှိပ်ထားသည့် မိတ္တူကိုဖြစ်စေ၊ ယင်းအက်ဥပဒေအရ ရုံးခွန်ကင်းလွတ်သည့် စာရွက်စာတမ်းဖြစ်၍ တံဆိပ်ခေါင်းကပ်ရန် မလိုသော မိတ္တူကိုဖြစ်စေ မှတ်ပုံတင်အရာရှိက မူရင်းနှင့်တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်ကြောင်းနှင့် တာဝန်ခံမိတ္တူဟူ၍ ရုံးတံဆိပ်ရိုက်နှိပ်ကာ လက်မှတ်ရေးထိုးထားသော မိတ္တူကိုဆိုသည်။ ရုံးခွန်အက်ဥပဒေ ပုဒ်မ ၆ တွင် " မည်သည့် စာရွက်စာတမ်းအမှတ်အသား အမျိုးအစားကိုမဆို ရုံးခွန်အက်ဥပဒေ ဇယား (၁) နှင့် ဇယား(၂) တို့ပါ ရုံးခွန်အား ထမ်းဆောင်ထားခြင်းမရှိလျှင် အများပြည်သူဆိုင်ရာအရာရှိက လက်ခံခြင်း သို့မဟုတ် ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းတို့ကို မပြုလုပ်ရ" ဟု ဖော်ပြပါရှိပါသည်။ သို့ဖြစ်ရာ အခွန်ထမ်းသည် မိမိမကျေနပ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးနိုင်ရေးအတွက် တာဝန်ခံမိတ္တူကို သက်ဆိုင်ရာအခွန်ရုံးတွင် ဦးစွာလျှောက်ထားရမည် ဖြစ်ပါသည်။

တာဝန်ခံမိတ္တူ ထုတ်ပေးရန် လျှောက်လွှာတွင် ကပ်နှိပ်ရမည့် ရုံးခွန်မှာ-

- ❖ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ လျှောက်ထားခြင်းဖြစ်ပါက ရုံးခွန် (၅၀) ကျပ်၊
- ❖ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများသို့ လျှောက်ထားခြင်းဖြစ်ပါက ရုံးခွန် (၂၀၀) ကျပ်၊

ထုတ်ပေးမည့် **မိတ္တူ**ပေါ်တွင် ကပ်နှိပ်ရမည့် ရုံးခွန်ကပ်ခေါင်းကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်။ တာဝန်ခံမိတ္တူပေါ်တွင် ကပ်နှိပ်ရမည့် ရုံးခွန်မှာ-

- ❖ စည်းကြပ်မှုအမိန့်ဖြစ်ပါက-
    - ➢ (အခွန်+ ဒဏ်) စုစုပေါင်း ကျပ်တစ်သိန်းအထိ ဖြစ်ပါက ရုံးခွန် (၅၀) ကျပ်၊
    - ➢ (အခွန်+ ဒဏ်) စုစုပေါင်း ကျပ်တစ်သိန်းအထက် ဖြစ်ပါက ရုံးခွန် (၁၀၀) ကျပ်၊
- ❖ အခြားစာရွက်စာတမ်းများဖြစ်ပါက စာမျက်နှာ တစ်ခုချင်းစီတိုင်းအတွက် (၅၀) ကျပ်(ဥပမာ ဝC-၈၊ SAS-1 ၊ SAS-3၊ အမှုတွဲစသည်)။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုတွဲ မိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေ ၄၂(က) အရ မိတ္တူကူးခမှာ မူရင်းစာတစ်မျက်နှာလျှင် (၅၀) ကျပ်ကျသင့်မည်ဖြစ်ပြီး မိတ္တူကူးခနှင့် ဘဏ်ဆောင်ရွက်ခငွေတို့အား TF-1 ချလန်ဖြင့် သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းရမည် ဖြစ်ပါသည်။

## စည်းကြပ်ထားသည့်အခွန် ပေးသွင်းရန်ကိစ္စ

အခွန်ထမ်းသည် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်း သို့မဟုတ် အခွန်အယူခံခုံအဖွဲ့သို့ အယူခံလျှောက်ထားရာတွင် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၃၇ အရ အောက်ပါအတိုင်း ဆောင်ရွက်ရန် လိုအပ်ပါသည်-

- ❖ ညွှန်ကြားရေးမှူးချုပ်က အခွန်ပေးဆောင်ရမည့် အချိန်တိုးမြှင့်ပေးထားခြင်းမရှိလျှင် အငြင်းပွားမှုမရှိသော အခွန်ပမာဏကို ပေးသွင်းမြဲပေးသွင်းရမည်၊
- ❖ အငြင်းပွားမှုရှိသော အခွန်ပမာဏနှင့် ပတ်သက်၍ သက်ဆိုင်ရာအခွန်ရုံးက အာမခံတင်သွင်းရန် တောင်းဆိုလာပါက လုံလောက်သော အာမခံတင်သွင်းရမည် ဖြစ်ပါသည်။

## အာမခံတင်သွင်းခြင်း

အငြင်းပွားမှုရှိသော အခွန်ပမာဏအတွက် အာမခံတင်သွင်းရန် သက်ဆိုင်ရာအခွန်ရုံးက တောင်းဆိုလာပါက ပစ္စည်းအာမခံတင်သွင်းသည့် အာမခံစာချုပ် (ခံဝန်ချုပ်) ကို ချုပ်ဆိုတင်သွင်းရန် လိုအပ်ပါသည်။ ထိုသို့ တင်သွင်းရာတွင်-

- ❖ အာမခံတင်သွင်းသည့် ပစ္စည်းတန်ဖိုးသည် အငြင်းပွားမှုရှိသော အခွန်ပမာဏအတွက် လုံလောက်သော အာမခံပစ္စည်းဖြစ်ရမည်၊

- ခံဝန်တင်သွင်းသော ပစ္စည်းမှာ မိမိအမည်ပေါက် ပိုင်ဆိုင်ရန် လိုအပ်ပြီး အကယ်၍ အခြားသူနှင့် ပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ပါက ပူးတွဲပိုင်ဆိုင်သူ နှစ်ဦးစလုံးက လက်မှတ်ရေးထိုးတင်သွင်းရန် လိုအပ်ပါသည်၊
- ခံဝန်ချုပ်ပေါ်တွင် ခံဝန်တင်သွင်းသူနှင့် သက်သေနှစ်ဦးတို့သည် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြရမည်၊
- ခံဝန်ချုပ်နှင့်အတူ သက်ဆိုင်ရာပစ္စည်း၏ ပိုင်ဆိုင်ကြောင်းပြ စာရွက်စာတမ်းမူရင်းများကို တစ်ပါတည်း အပ်နှံခဲ့ရမည်။ ဘဏ်ငွေစုစာအုပ်၊ အသက်အာမခံပေါ်လစီ စာချုပ်တို့ကို ခံဝန်တင်သွင်းခွင့်ပြုမည် မဟုတ်ပါ၊
- စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အရ အခွန်နှင့်ဒဏ်ငွေများကို အပြေအကျေ ပေးဆောင်ပြီးလျှင်သော်လည်းကောင်း၊ နောက်ဆုံးအဆင့် အယူခံပြီးဆုံးပြီးနောက် အပြေအကျေပေးဆောင်ပြီးလျှင် သော်လည်းကောင်း ခံဝန်တင်သွင်းထားသည့် စာချုပ်နှင့် ပူးတွဲတင်သွင်းထားသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို ပြန်လည် ထုတ်ယူရမည်၊
- ခံဝန်ချုပ်ပေါ်တွင် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်မှာ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ဇယား-၁၊ အမှတ်စဉ် ၅၇ အရ အာမခံထားသည့် ငွေပမာဏ ကျပ် ၁၅၀,၀၀၀ ထိ ဖြစ်ပါက ၀.၅ ရာခိုင်နှုန်းနှင့် ယင်းထက်ပိုမိုပါက ၂၅၀၀ ကျပ် ဖြစ်ပါသည်။

## စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်း

အခွန်ထမ်းသည် မိမိမကျေနပ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် တာဝန်ခံမိတ္တူရရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်လွှာပုံစံဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။ { လျှောက်လွှာပုံစံအား www.ird .gov. mm >>Media>> Form for OAS Tax Offices တွင် Download ရယူနိုင်ပါသည်။} ထိုသို့လျှောက်ထားရာတွင် အောက်ပါများပူးတွဲတင်ပြရန် လိုအပ်ပါသည်-

- မိမိမကျေနပ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၏ တာဝန်ခံမိတ္တူ၊
- အငြင်းပွားမှုမရှိသော အခွန်ပမာဏများအတွက် လိုက်နာဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် အထောက်အထားများ၊
- ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရသည့် အသေးစိတ်အကြောင်းပြချက်များ၊ အထောက်အထားများ။

## အယူခံဝင်ခြင်း

အခွန်ထမ်းသည် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခဲ့သည်မှာ ရက်ပေါင်း (၉၀) ကျော်လွန်ခဲ့သော်လည်း ဆုံးဖြတ်ချက် တစ်စုံတစ်ရာမရရှိပါက အဆိုပါ ရက်ပေါင်း (၉၀) ပြည့်သည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်ပါသည်။ အခွန်အယူခံခုံအဖွဲ့သို့ ပေးပို့သည့် အယူခံလွှာမိတ္တူကို ရက်သတ္တ (၁) ပတ်အတွင်း ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ ပေးပို့ရမည်။




အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ထမ်း ဝန်ဆောင်မှု ဗဟိုအဖွဲ့ ဖက်စ်နံပါတ် ၀၁-၈-၃၈၉၃၁၁၊ ဖုန်းနံပါတ် ၀၁-၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (ရန်ကုန်)၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (မန္တလေး)၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေနှင့် ပုံစံများကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာများ






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
**https://www.ird.gov.mm**

**“ Tax by the Law, Service by our Heart ”**